NIPH
Norwegian Institute of Public Health

# ကွာရန်တီး နေထိုင်ရန် သို့မဟုတ် အိမ်တွင်သီးခြား ခွဲနေခြင်းကို ပြုလုပ်ရန် ပြောဆိုခြင်းခံထားရသူများအတွက်

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ကူးစက်ခံရသူအများစုမှာ သိပ်မပြင်းထန်သော ရောဂါလက္ခဏာများကိုသာ ခံစားရသော်လည်း အချို့မှာမူ အလွန်အမင်း ပြင်းထန်စွာ ခံစားရကြသည်။ ထို့အတွက်ကြောင့် နိုင်ငံတဝှမ်းတွင် ကူးစက်မှုပြန့်ပွားခြင်းကို လျော့နည်းစေရန် ကြိုးပမ်းနေရခြင်းဖြစ်သည်။ အချို့သောသူများမှာ အိမ်တွင်သာနေထိုင်စေရန် ဆရာဝန်များမှ ညွှန်ကြားခြင်းကို ခံထားရပေသည်။

- ကိုဗစ်-၁၉ ရှိသည့် မည်သူမဆို 'အိမ်တွင်သီးခြားခွဲနေခြင်း' ဟုခေါ်သည့် အခြားလူများနှင့် လုံးဝသီးခြားနေထိုင်ခြင်းကို လိုက်နာရမည်။
- ကိုဗစ်-၂၉ ရှိသည်ဟုဆေးစစ်ချက်မထွက်သေးသော်လည်း ကူးစက်နိုင်ချေ ရှိသည့်သူများအနေဖြင့် 'ကွာရန်တီး' ဝင်ရမည်။
- **အခြားနိုင်ငံများမှ နော်ဝေးသို့ရောက်ရှိလာသည့် လူများမှာ** 'ကွာရန်တီး' ဝင်ရမည်။

**အိမ်တွင်သီးခြားခွဲနေခြင်း ဆိုသည်မှာ မည်ကဲ့သို့ဆိုလိုပါသနည်း?**
**အကယ်၍ ဆရာဝန်မှ သင့်တွင် ကိုဗစ်-၁၉ ရှိသည်ဟုဆိုလျှင်သော်လည်းကောင်း စစ်ဆေးမှုရလဒ်ကို စောင့်နေရသည်သော်လည်းကောင်း ဖြစ်ပါက သင်သည် အခြားလူများကို မကူးစက်စေရန် သူတို့နှင့် ထိတွေ့ခြင်းကို ရှောင်ကြဉ်ရမည်။**
**အိမ်တွင်သီးခြားခွဲနေခြင်းဆိုသည်မှာ သင်၏ အိမ်သူအိမ်သားများ အပါအဝင် လူတိုင်းနှင့် သီးခြားခွဲနေခြင်းကို ဆိုလိုသည်။ သင်သည် အပြင်သို့လုံးဝမထွက်ရမည်ဖြစ်ပြီး သင့်အခန်း အတွင်းသာ နေထိုင်ခြင်း၊ အခန်းထဲတွင်သာ စားသောက်ခြင်း နှင့် အခြားသူများနှင့် ပုဝါများ မျှဝေသုံးစွဲခြင်းတို့ကို မပြုလုပ်ခြင်းကို ဆိုလိုသည်။**
အကယ်၍ သင့်ကျန်းမာရေးအခြေအနေပိုဆိုးလာပါက 116 117 သို့ခေါ်ဆိုကာ ဆရာဝန်ဆီ ဆက်သွယ်ပါ။ ဆရာဝန်မှ သင်ဆေးရုံတွင် သီးခြားခွဲနေခြင်းပြုလုပ်ရန်လိုအပ်၊ မအပ်ကို ဆုံးဖြတ်ပေးပါလိမ့်မည်။ သီးခြားခွဲနေခြင်းမှာ သင့်တွင် ကူးစက်မှုမရှိ သို့မဟုတ် သင့်စစ်ဆေးမှုရလဒ်များတွင် ကိုဗစ်-၁၉ မရှိတော့ဟု အဖြေထွက်ကြောင်းကို ဆရာဝန်မှ ခေါ်ဆို အသိပေးမှု မရမချင်း နေထိုင်ရမည်။

**'ကွာရန်တီး' ဆိုသည်မှာ အဘယ်နည်း** ?

**အကယ်၍ ဆရာဝန်မှ သင်မဖျားနာနေသော်လည်း ကူးစက်မှုနှင့် ထိတွေ့ထားကြောင်း ပြောဆို လာပါက သင်**ကွာရန်တီးဝင်ရမည်။ သင်အခြားနိုင်ငံများမှ နော်ဝေသို့ ရောက်ရှိ လာခဲ့လျှင်လည်း ထိုကဲ့သို့ပင် ဖြစ်မည်။ သင်သည် အိမ်သို့မဟုတ် အခြားသင့်တော်သင့်နေရာတွင် နေထိုင်ရမည်။ သို့သော် အိမ်ကွာရန်တီးမှာ အိမ်တွင်သီးခြားခွဲနေရခြင်းလောက်တော့ မတင်းကျပ်ပေ။

**ကွာရန်တီး ဆိုသည်မှာ အခြားလူများနှင့်ထိတွေ့မှုကို နဲနိုင်သမျှနဲအောင်လျှော့ချခြင်း ဖြစ်သည်။ သို့သော် သင်သည် လုံးဝသီးခြားခွဲနေစရာတော့ မလိုအပ်ပေ။ သင်ကျောင်းသို့မသွားခြင်း သို့မဟုတ် အလုပ်သို့မသွားခြင်း သို့မဟုတ် အခြားကိစ္စများမလုပ်ဆောင်ခြင်းတို့ကို ပြုလုပ်ရမည်။ အများပြည်သူသုံးယာဉ်များ** (**လိုင်းကား၊ ဓာတ်ရထား၊ မြေအောက်ရထား၊ လေကြောင်းလိုင်း သို့မဟုတ် ကြို/ပို့ယာဉ်)ကို သုံးစွဲကာ သွားလာခြင်းများမပြုလုပ်ရပါ။ သို့သော် မိမိကိုယ်တိုင် လမ်းလျှောက်သွားနိုင်သည်။**

အကယ်၍ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း သို့မဟုတ် ဖျားနာခြင်း သို့မဟုတ် အသက်ရှူ အခက်အခဲများ ဖြစ်ပေါ်လာပါက 116 117 သို့ခေါ်ဆိုကာ ဆရာဝန်ဆီဆက်သွယ်ရန် အရေးကြီးပါသည်။ နော်ဝေတွင် ကိုဗစ်-၁၉ စစ်ဆေးမှုမှာလဲ အခမဲ့ ဖြစ်ပါသည်။ ကွာရန်တီးမှာ သင် နော်ဝေသို့ရောက်ပြီး ၁၀ ရက်အကြာ သို့မဟုတ် ကူးစက်ခံထားရမှုကို ပေါ်ပေါက်နိုင်ဆုံးကာလကုန်ဆုံးသည်ထိ ဖြစ်သည်။

**နောက်ဆုံးသတင်းများကို နားစွင့်ထားပါ**!

အစိုးရမှ နော်ဝေတွင်နေထိုင်သည့်သူ အားလုံးကို ကိုရိုနာဗိုင်းရပ်စ်၏ အရေးကြီးသည့် သတင်း အချက်အလက်များနှင့် အကြံပေးချက်များကို www.fhi.no နှင့် www.helsenorge.no တွင် စဉ်ဆက်မပျက် ဖတ်ရှုရန် ပြောဆိုလျှက်ရှိပေသည်။ ဤအကြံပေးချက်များမှာ ပြောင်းလဲမှုများ ရှိနိုင်သည်။ သတင်းအချက်အလက်များမှာ နော်ဝေဘာသာနှင့် အင်္ဂလိပ်ဘာသာများနှင့် ဖတ်ရှု နိုင်သည်။ အကယ်၍ နားမလည်သည့်တစုံတရာရှိပါက သင်သိကျွမ်းသည့် တစ်စုံတစ်ဦးထံမှ အကူအညီတောင်းခံပေးပါ။